# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**August 12 , 2025** **Volume 93, Number 8**


**၁၂. ၈.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၆.၆၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၉၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၅.၇၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၂.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၆ ကျပ် |

## ရန်ကုန်၌ မိုးစပါးဧက ၁ သန်းကျော် စိုက်ပျိုးရန်လျာထား




ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုမိုးရာသီမှာ မိုးစပါးဧက ၁ သန်းကျော် စိုက်ပျိုးဖို့ လျာထားပြီးဇူလိုင်လကုန်အထိ ဧက ၁၀ သိန်းကျော်စိုက်ပျိုးပြီးဖြစ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီး ၊ စိုက်ပျိုးရေးဦးစီးဌာနက သိရပါတယ်။

မိုးစပါးကို ဒဂုံမြို့သစ်၊ သန်လျင်၊ တွံတေး ၊မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ အင်းစိန်နဲ့အလုံ စတဲ့ခရိုင်တွေမှာ စိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမျိုးတွေဖြစ်တဲ့ မနောသုခ၊ ဆင်းသုခ၊ ရက် ၉၀၊ ရာကျော်၊ ရွှေဝါထွန်း၊ မှော်ဘီ-၃၊ အောင်နိုင်တိုး မျိုးစပါး အုပ်စုတွေနဲ့ ဒေသမျိုးရင်းတွေဖြစ်တဲ့ ငစိန်၊ မြီးတုံး၊ ကောက်ညှင်းစတဲ့ မျိုးစပါးအုပ်စု တွေကိုပြည်တွင်းစားသုံးမှုနဲ့ပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးထုတ်လုပ်နေတယ်လို့ ဆိုပါတယ်။

မိုးစပါးကို ဇူလိုင်လဆန်းကနေ စက်တင်ဘာလကုန်ပိုင်းထိ စိုက်ပျိုးလေ့ရှိကာ သက်တမ်းတို စပါးမျိုးတွေကို အောက်တိုဘာလကုန်နဲ့ သက်ကြီးစပါးတွေကို ဇန်နဝါရီလ ကုန်မှာ အပြီးသတ် ရိတ်သိမ်းလေ့ရှိတယ်လို့ သိရပါတယ်။

မိုးစပါးထက် နွေစပါးကို တောင်သူတွေက ပိုမိုအားထားပေမဲ့ မိုးစပါးဟာ ရာသီလိုက် စပါးဖြစ်ပြီး မိုးမပြတ်ရရှိမှုကြောင့် ထွက်နှုန်းသေချာတဲ့ စပါးအဖြစ် တောင်သူတွေ မဖြစ် မနေ စိုက်ပျိုးတာ ဖြစ်ပါတယ်။

အခုနှစ်မိုးစပါးရာသီမှာစိုက်ပျိုးရေးဦးစီးဌာန(ရေဆင်း)ကထုတ်လုပ်တဲ့ အောင်နိုင်တိုး မျိုးစပါးအသစ်ကို ဧက ၅၀၀၀ အထိ တောင်သူတွေစိုက်ပျိုးနေပြီး တစ်ဧကကို ပျမ်းမျှ တင်း ၈၀ကျော်ထွက်ရှိတဲ့အတွက်တောင်သူတွေစိတ်ဝင်စားတဲ့မျိုးစပါးအဖြစ် အခုမိုးရာသီ မှာ စတင်စိုက်ပျိုးတာဖြစ်တယ်လို့ သိရပါတယ်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ရန်ကုန်တိုင်းဒေသကြီးအတွင်း စပါးဖူလုံမှုအနေနဲ့ ၂၀၂၄ ခုနှစ်က ၁၀၂ ရာခိုင်နှုန်းကျော်ရှိပြီး ၂၀၂၅ ခုနှစ်မှာလည်း ပန်းတိုင်ရည်မှန်းချက်ထက် ပိုမိုတိုးမြှင့်စိုက်ပျိုးနေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနက သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ၊ ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Konstantin Kanarev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၌လက်ခံတွေ့ဆုံခဲ့ရာ တွေ့ဆုံပွဲသို့ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ရုရှားနိုင်ငံသို့မြန်မာနိုင်ငံမှတင်ပို့လိုသည့် အလားအလာရှိသောစိုက်ပျိုးရေးထုတ်ကုန်များ၊ ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့တင်သွင်းလိုသည့်ကုန်စည်များ၊နှစ်နိုင်ငံအကြားကုန်သွယ်မှုပြုနိုင်သည့် ကုန်စည်များ၊ လယ်ယာထွက်ကုန်များ၊ ဈေးကွက်အခြေအနေ၊ လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြားကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် Trading House ဖွင့်လှစ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**Source : မဟာဗျူဟာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ**

https://myantrade.gov.mm/

## တရုတ်အပါအဝင်ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ၃၈၀,၀၀၀ ခန့် တင်ပို့မည်



လက်ရှိ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တရုတ်အပါအဝင်ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ၃၈၀,၀၀၀ ခန့် တင်ပို့နိုင်ရန် လျာထားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက သိရပါတယ်။

ပြည်တွင်းထွက်ကုန်ရော်ဘာကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေရခြင်းဖြစ်ပြီး စုစုပေါင်းပြည်ပတင်ပို့မှုပမာဏရဲ့ ၇၅ ရာခိုင်နှုန်းခန့်ရှိတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်အတွင်း ပြည်ပကို ရော်ဘာတန်ချိန် ၃ သိန်းဝန်းကျင်တင်ပို့နိုင်ခဲ့ပြီးပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိခဲ့ရာ အခုဘဏ္ဍာနှစ်တွင် စုစုပေါင်းရော်ဘာတန်ချိန် ၃၅၀,၀၀၀ ကနေ ၃၈၀,၀၀၀ ကြားအထိ တိုးမြှင့်တင်ပို့ရန် လျာထားဆောင်ရွက်နေခြင်းဖြစ်တယ်လို့ သိရပါတယ်။

ပြည်တွင်းကထွက်ရှိသည့်ရော်ဘာများကို နှစ်စဉ်ပြည်ပသို့တင်ပို့ရာတွင် တရုတ်ကို ၇၅ ရာခိုင်နှုန်း တင်ပို့နေပြီး မလေးရှား ၊

အင်ဒိုနီးရှား ၊ဗီယက်နမ်၊ အိန္ဒိယနဲ့ ဂျပန်နိုင်ငံတွေကိုလည်း တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

နှစ်စဉ် ပြည်ပသို့ရော်ဘာတင်ပို့မှုကနေ ပျမ်းမျှအမေရိကန်ဒေါ်လာ သန်း ၂၅၀ ကနေ သန်း ၄၅၀ အကြား ရရှိကြောင်းလည်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက သိရပါတယ်။

ပြည်တွင်း၌ ရော်ဘာကိုအများဆုံးစိုက်ပျိုးသည့်ဒေသများမှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ပြီး၊ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်း၊ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၄-၈-၂၀၂၅ မှ ၈-၈-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၂၄,၀၀၀၊ မတ်ပဲ SQ / RC (2024 Crop) ကျပ် ၃,၃၄၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၈၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၁၄,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၅,၀၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၃၀ လုံး(တန်ချိန် ၇၂၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၀ လုံး(တန်ချိန် ၁၉၂၀)နှင့်ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောငရုတ်သီး( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၀,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅,၅၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မိုးထောင်မြစ်ဝပု ကျပ် ၁,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၄,၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၉၀၀(၁၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၀၀ (၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၁၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၅၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၅၀၀၊ ရေစကြိုထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

**ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၄-၈-၂၀၂၅ မှ ၈-၈-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော**
**ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ**

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၇၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၅ စီး (၅၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၆ စီး (၈၁၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၁ စီး (၂၄၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်)ကျပ် ၁၀,၈၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၂၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ်၅၇၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀၊အောင်ပန်းထူး-၃ ကျပ် ၃၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၆၀၀(၁၀၈,၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ယခုအပတ်တွင်ကြက်သွန်ဖြူအိတ် ၂၃၀၀(၆၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၃၀၀ (၃၉,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့အောင်ပန်းမြို့နှင့်တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာအာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း Ok ကျပ် ၄၂၀၀ ၊ အောင်ပန်း S1 ကျပ် ၄၃၀၀ နှင့် တရုတ်အာလူး ကျပ် ၅၂၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း Ok ကျပ် ၅၀၀ နှင့် တရုတ်အာလူး ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း S1 မှာ ကျပ် ၈၀၀ ဈေးကျဆင်းခဲ့သည်။ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈ စီး(၁၀၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ် တွင် ကားစီးရေ ၂၀ စီး(၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂ စီး (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## အိန္ဒိယနိုင်ငံတွင် ယခုနှစ် မိုးမတ်ပဲအထွက် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိ



အိန္ဒိယနိုင်ငံတွင် ယခုနှစ် မိုးသီးနှံရာသီ၌ စိုက်ပျိုးမှုလျော့နည်းလာခြင်းနှင့် အဓိကစိုက်ပျိုးသည့်ဒေသများတွင် မိုးရေချိန်များပြားခြင်းတို့ကြောင့် မိုးမတ်ပဲအထွက်မှာ ယခင်နှစ်၌ တန်ချိန် ၁ ဒသမ၂ သန်းခန့်ရှိရာမှ ယခုနှစ်တွင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိသည်ဟု အစိုးရဌာနဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ် မိုးမတ်ပဲစိုက်ပျိုးရာသီမှာ ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း၊ပဲပုပ်သီးနှံစိုက်ပျိုးမှု ဧရိယာများမှ မတ်ပဲသီးနှံသို့ ပြောင်းလဲစိုက်ပျိုးလျက် မတ်ပဲအထွက်ကောင်းရရှိမည်ဟု စိုက်ပျိုးရာသီအစတွင်မျှော်မှန်းထားခဲ့သော်လည်း ပဲပုပ်နှင့်မတ်ပဲအစားပြောင်းသီးနှံကို ပြောင်းလဲစိုက်ပျိုးလာကြသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့်မတ်ပဲအထွက်ဆောင်းသီးနှံနှင့်နွေသီးနှံ စိုက်ပျိုးမှုတို့အပေါ်၌သာ အားကိုးအားထားပြုရမည့် အနေအထားဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် မတ်ပဲသီးနှံကို နွေ၊ မိုး၊ ဆောင်း ရာသီ ၃ မျိုးလုံးတွင် စိုက်ပျိုးကြသည်။ မတ်ပဲစုစုပေါင်းထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်မှာ မိုးသီးနှံဖြစ်သဖြင့် ထုတ်လုပ်မှုတွင် အဓိက ကျလျက်ရှိပြီး ကျန် ၄၀ ရာခိုင်နှုန်းမှာ ဆောင်းနှင့်နွေသီးနှံများမှ ထွက်ရှိမှုများဖြစ်ကြောင်း သိရသည်။

မတ်ပဲသီးနှံကို အနိမ့်ဆုံးထားရှိဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်းမြင့်မားလာမှုနှင့်အတူ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်ကဲ့သို့သော မတ်ပဲအဓိကစိုက်ပျိုးသည့် ပြည်နယ်များတွင် ဝယ်ယူရေး အာမခံချက်များ မြင့်မားသဖြင့် မတ်ပဲအထွက်မြင့်မားလာမည်ဟု မျှော်လင့်ခဲ့ကြသည်ဟု ၎င်းကပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ (အောက်တိုဘာလမှ စက်တင်ဘာလထိ) မိုးသီးနှံ ဈေးကွက်ရာသီနှစ်တွင် မတ်ပဲအတွက် အစိုးရက အနိမ့်ဆုံးထားရှိဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်းကို ၁ ကွင်တယ်လျှင် ရူပီး ၇၈၀၀ နှုန်းဖြင့် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးမြှင့်ပေးထားသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့အထိ အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ မိုးမတ်ပဲစိုက်ပျိုးမှုမှာ ဧရိယာ ဟက်တာ ၁ ဒသမ ၉ သန်းဖြင့် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

သီးနှံအချို့ကို အစားထိုးစိုက်ပျိုးလျက်ရှိသော်လည်း အဓိကစိုက်ပျိုးသည့် ဒေသများဖြစ်သော မဒ္ဒရာပရာဒေ့ရှ် ပြည်နယ်နှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တို့တွင် မိုးရေချိန်များပြားခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး စိုက်ပျိုးဆဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့သည်။


ယခု အနောက်တောင်မုတ်သုံရာသီ ကာလတွင် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသတို့၌ မိုးရွာသွန်းမှု အများဆုံးဖြစ်ပေါ်လျက်ရှိသည်။ အိန္ဒိယမိုးလေဝသဌာန၏ အချက်အလက်များအရ မဒ္ဒရာပရာဒေ့ရှ်၊ ဥတ္တာပရာဒေ့ရှ်နှင့် ရာဂျပ်စတန် ပြည်နယ်များရှိ မတ်ပဲအများဆုံးစိုက်ပျိုး ထုတ်လုပ်သည့် ခရိုင်အများအပြားတွင် မိုးရေချိန်ကြီးမား လွန်ကဲစွာရရှိခဲ့ကြောင်း Informist သတင်းဌာနက ဖော်ပြထားသည်။

**Source:Informist,Aug5,2025**

(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

https://www.doca.gov.mm/

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အာလူးတင်ပို့မှုများ မြင့်တက်



ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အာလူးတင်ပို့မှုများသည် ဘဏ္ဍာနှစ် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်းတွင် ၃ နှစ်ဆက်တိုက်မြင့်တက်မှုရှိကြောင်းနှင့် အဆိုပါမြင့်တက်မှုသည် ကုန်သည်များက ပြည်တွင်းဈေးကမောက်ကမဖြစ်မှုကို အခွင့်ကောင်းယူ၍ နိုင်ငံခြားသို့ တင်ပို့မှုကို မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်းတွင် အာလူးတန်ချိန်ပေါင်း ၆၂,၁၃၅ တန်ခန့် နိုင်ငံခြားသို့တင်ပို့ခဲ့ကြောင်းနှင့် ယခုနှစ်တင်ပို့မှုသည် အမြင့်ဆုံးဖြစ်ကြောင်း စိုက်ပျိုးရေးတိုးချဲ့မှုဌာန (DAE) ၏ ဖော်ပြချက်အရ သိရသည်။

တင်ပို့သူများက ယခင်ရာသီတွင် အာလူးတစ်ကီလိုလျှင် tk ၇ မှ tk ၂၀ ဖြင့် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ရာသီတွင်တင်ပို့သော တစ်ကီလို tk ၃၀ ဈေးထက် လျော့နည်းကြောင်း သိရသည်။

ပွဲစားများသည် အာလူးစိုက်ပျိုးသူများအား DAE မှသတ်မှတ်ထားသော ရည်ညွှန်းဈေး တစ်ကီလို tk ၁၄ ထက်လျော့နည်း၍ တစ်ကီလို tk ၁၁ ဈေးဖြင့်သာ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းဒေသများတွင် စိုက်ပျိုးရေးစရိတ်များသည် မြင့်တက်လျက်ရှိပြီး ထုတ်ကုန်စရိတ်များသည် တစ်ကီလိုလျှင် tk ၂၀ ထိမြင့်တက်လျက်ရှိကြောင်း သိရသည်။

အာလူးစေ့များကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်ဧပြီလများတွင် ရိတ်သိမ်းလေ့ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အာလူးတင်ပို့မှုများကို ၁၉၉၉ ခုနှစ်တွင်စတင်ခဲ့ပြီး အစပိုင်းတွင် ပမာဏအလွန်နည်းပါးကြောင်း အစားအသောက်နှင့်စိုက်ပျိုးရေးအဖွဲ့အစည်း FAQ ၏ အဆိုအရ သိရသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မလေးရှား၊ စင်ကာပူ၊ နီပေါ၊ သီရိလင်္ကာနှင့် ဘရိန်းနိုင်ငံများသို့ အာလူးများတင်ပို့လျက်ရှိကြောင်း သိရပါသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ကမ္ဘာ့ဆန်ဈေးနှုန်းများကျဆင်းနေချိန်၌ ဗီယက်နမ်၏ ဆန်ပို့ကုန်ဈေးနှုန်းများ မြင့်တက်လာ



အာရှဈေးကွက်တွင် ဆန်ဈေးနှုန်းကျဆင်းနေသည့်ကြားမှ ဗီယက်နမ်ဆန်ဈေးနှုန်းသည် လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ကမ္ဘာ့အမြင့်ဆုံးဈေးနှုန်းဖြစ်လာခဲ့သည်ဟု ဗီယက်နမ်စားနပ်ရိက္ခာအသင်း(VFA) က ပြောကြားကြောင်း Vietnam News သတင်းဌာနက ဩဂုတ် ၄ ရက်နေ့၌ ဖော်ပြသည်။

စပါးရိတ်သိမ်းထွက်ရှိမှု အများဆုံးအချိန် ကာလဖြစ်သော်လည်း ဖိလစ်ပိုင်နိုင်ငံကဲ့သို့ အဓိကဝယ်ယူသူများ၏ ဝယ်လိုအားခိုင်မာခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါ အသင်းမှ ပြောကြားခဲ့သည်။

အထူးသဖြင့် ဗီယက်နမ်မှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ၃ ဒေါ်လာပိုမိုလျက် ၃၈၂

ဒေါ်လာနှုန်းအထိ မြင့်တက်ခဲ့ပြီး တစ်ကမ္ဘာလုံးတွင် အမြင့်ဆုံးဖြစ်ခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယတို့မှ တင်ပို့သည့် အလားတူဆန်စျေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅၊ ၃၇၆ နှင့် ၃၇၇ တို့ဖြင့် အသီးသီး ကျဆင်းခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ဇူလိုင်လကုန် ရက်သတ္တပတ်တွင် ဗီယက်နမ်၏ ဆန်ပို့ကုန်စျေးနှုန်းများသည် တစ်တန်လျှင် ဒေါ်လာ ၃၉၅ မှ ၄၀၀ အကြားနှုန်းထား သုံးလအတွင်း အမြင့်ဆုံးသို့ မြင့်တက်ခဲ့သည်။ အိန္ဒိယ၏ ဆန်စျေးနှုန်းများမှာမူ ၂ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး ရောင်းလိုအားပိုလျှံမှုများကြောင့် တစ်တန်လျှင် ဒေါ်လာ ၃၇၅-၃၈၀ ဝန်းကျင်တွင် တည်ငြိမ်နေခဲ့သည့် အပြင် ပြည်ပဝယ်လိုအား အနည်းငယ် တိုးတက်မှုသာရှိခဲ့ကြောင်း သိရသည်။

အကောက်ခွန်စာရင်းဇယားများအရ ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုသည် စုစုပေါင်းတန်ချိန် ၄ ဒသမ ၇ သန်းရှိပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံ တန်ဖိုးရှိကြောင်း၊ ပမာဏအားဖြင့် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသော်လည်း တန်ဖိုးမှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။ ပျမ်းမျှဆန်ပို့ကုန်စျေးနှုန်းသည် ယခုကာလအတွင်း တစ်တန်လျှင် ၅၁၈ ဒေါ်လာရှိပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်သည် ဗီယက်နမ်၏ ယခုပထမနှစ်ဝက် ဆန်ပို့ကုန်ပမာဏအနက် ၄၄ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အများဆုံး ဝယ်ယူသူဖြစ်ပြီး ပို့ကုန်တန်ဖိုး၏ ၄၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် လက်ရှိတင်သွင်းလာသော ဆန်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်း ကောက်ခံမှုကို တိုးမြှင့်ရန် စီစဉ်လျက်ရှိပြီး ဗီယက်နမ်၏ ဆန်တင်ပို့မှုကို ထိခိုက်နိုင်သော်လည်း လာမည့်နှစ် အနည်းငယ်တိုင်အောင် ဗီယက်နမ်ဆန်အတွက် အရေးပါသော ပို့ကုန်စျေးကွက်အဖြစ် ဆက်လက်တည်ရှိနေလိမ့်မည်ဟု ဖိလစ်ပိုင်ရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးက ပြောဆိုထားသည်။

ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရေး ဆန်ထုတ်လုပ်မှု စွမ်းရည်ကို အချိန်တိုအတွင်း တိုးမြှင့်ရန်မှာ ဖိလစ်ပိုင်နိုင်ငံအတွက် ခက်ခဲမှုရှိကြောင်း၊ ယခုနှစ်တွင် ဖိလစ်ပိုင်၏ဆန်တင်သွင်းမှုသည် တန်ချိန် ၄ ဒသမ ၉၂ သန်း ဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားပြီး တန်ချိန်ငါးသန်းကျော်အထိ ရှိလာနိုင်ကြောင်းနှင့် ဗီယက်နမ်ဆန်တင်ပို့သူများသည် ဖိလစ်ပိုင်တွင် ယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းသိမ်းထားရန် အလေးထားသင့်ကြောင်း အဆိုပါကုန်သွယ်ရေးရုံးက ပြောကြားခဲ့သည်။

Đồng Tháp မြို့ရှိ Việt Hưng Food ကုမ္ပဏီမှ ဒါရိုက်တာ Nguyễn Vĩnh Trong က ဖိလစ်ပိုင်နိုင်ငံအပြင် တရုတ်နှင့် အာဖရိကစျေးကွက်များမှ ဝယ်လိုအားသည်လည်း ဗီယက်နမ်ဆန်စျေးနှုန်း မြင့်တက်စေရန် ပံ့ပိုးပေးခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**Source:VietnamNews,Aug04,2025**

လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့

https://www.doca.gov.mm/

# STOCK EXCHANGE (12.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,495 (Shares) | 15,772,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +100 | +1.43% | 7,000 | 7,100 | 7,000 | 122 | 854,600 | 33,109,694 | 235,079 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 2,951 | 9,284,650 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,900 | 1,900 | 1,900 | 1 | 1,900 | 29,664,613 | 56,363 |
| TMH | 00005 | 2,550 | -100 | -3.77% | 2,600 | 2,600 | 2,550 | 1,525 | 3,901,250 | 12,823,224 | 32,699 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 711 | 1,138,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,150 | 3,400 | 3,150 | 85 | 269,000 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 100 | 322,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 12th Aug. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.74 | +1.95 | +0.55% | 354.45 | 356.74 | 354.45 | 5,495 | 15,772,000 | 8 | 672,876 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 6,095 (Shares) | 17,482,000 (MMK) |

### Main Board

As of 1:00 pm, 12th Aug. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,495 (Shares) | 15,772,000 (MMK) |

| MYANPIX | 356.74 ▲ 1.95 |
|---|---|
| Total Volume (shares) | 5,495 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 672,876 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,550 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |